# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မြို့ပြများ စနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်၊ နေထိုင်မှုပုံစံ အဆင့်မြင့်မားစေရန်နှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် အတွက် ရေဦးမြို့ မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း သီးခြားစီတည်ရှိသော လမ်းဖြတ်နှစ်ခုအား ဆက်သွယ်ပေးမည့် ပြွန်ရှည်ချောင်းချောင်းကူးတံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီ-ဥယျာဉ်ကျစ် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ ပေးခြင်းတို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | တွံတေး-မအူပင် လမ်းမကြီး၊ လှိုင်သာယာ-တွံတေး ကားလမ်းမကြီးဆီသို့ မော်တော်ယာဉ်များဖြင့် တစ်ဆက်တည်းသွားလာနိုင်သည့် ဇီးဖြူကုန်းချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့သွားသည့် ပြည်ထောင်စုကားလမ်းအပိုင်း B.O.T စနစ်ဖြင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် ခေါက်နွဲ့တောင်အတက်အဆင်းကားလမ်းပိုင်းပြုပြင်တည်ဆောက်မှု လမ်းအကြောင်းအသစ် | ၁၇ |

ရှာဖွေတည်ဆောက်ခြင်း အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ ပေါင်းတည်မြို့နယ် မှတ်တိုင်-ပေါက်တော ကတ္တရာလမ်းမှာ သတ်မှတ် အာမခံနှစ်မပြည့်မီ အလွန်ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် မည်သည့်ဌာနမှ တာဝန်ယူပြုပြင်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၁၉

၁၂ ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူ ဆောင်ရွက်ရာတွင် လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူ ပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံးအပြီးဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက် နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့် လုပ်ငန်းပုံစံ(Drawing)များနှင့် တွက်ချက်မှု(Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူ ဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့်ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၂

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၂၇

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၃၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၂၉–၁–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **မြို့ပြများ စနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်၊ နေထိုင်မှုအဆင့်မြင့်မားစေရန်နှင့် အခြေခံ အဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက် ရေဦးမြို့ မြို့ပြစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံ–ကံသာ–ကပိုင် လမ်းပေါ်ရှိ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း သီးခြားစီတည်ရှိသော လမ်းဖြတ်နှစ်ခုအား ဆက်သွယ်ပေးမည့် ပြွန်ရှည်ချောင်း ချောင်းကူး တံတားအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီ–ဥယျာဉ်ကျစ် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်း– ဘူးဆောင်း–ပုသိမ်–မုံရွာလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ ပေးခြင်းတို့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **တွံတေး– မအူပင် လမ်းမကြီး၊ လှိုင်သာယာ–တွံတေးကားလမ်းမကြီးဆီသို့ မော်တော်ယာဉ်များဖြင့် တစ်ဆက်တည်း သွားလာနိုင်သည့် ဇီးဖြူကုန်းချောင်းကူးတံတား တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့မှ တောင်ကြီးမြို့သို့ သွားသည့် ပြည်ထောင်စုကားလမ်းအပိုင်း B.O.T စနစ်ဖြင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ခေါက်နွဲ့တောင် အတက်အဆင်း ကားလမ်းပိုင်း ပြုပြင်တည်ဆောက်မှု လမ်းအူကြောင်းအသစ် ရှာဖွေတည်ဆောက်ခြင်း အစီအစဉ်များရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း၊ ပေါင်းတည် မဲဆန္ဒနယ်၏ **ပေါင်းတည်မြို့နယ် မှတ်တိုင်–ပေါက်တော ကတ္တရာလမ်းမှာ သတ်မှတ်အာမခံ နှစ်မပြည့်မီ အလွန်ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် မည်သည့်ဌာနမှ တာဝန်ယူ ပြုပြင်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်က **“ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်**

**ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခ စရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန် မလိုသော လုပ်ငန်းတစ်ခုလုံးအပြီး ဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရ တင်ဒါအောင်မြင်သူ တစ်ဦးကဲ့သို့ လုပ်ကိုင် ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာ ဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့် ကိုက်ညီသော ပြီးပြည့်စုံသည့် လုပ်ငန်းပုံစံ (Drawing) များနှင့် တွက်ချက်မှု (Estimate) များကို သက်ဆိုင်ရာ ဝန်ကြီး ဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate) များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာ ယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၂) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊
(၃) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၅ ရက်၊
(၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက်၊
(၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၅ ရက်၊
(၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊
(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၅ ရက်၊
(၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၂ ရက်၊
(၉) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊
(၁၀) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၁၁) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၁၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊
(၁၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၁၅) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊
(၁၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၅ ရက်၊
(၁၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၂ ရက်၊

(၁၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်၊
(၂၀) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၂ ရက်၊
(၂၁) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၇ ရက်၊
(၂၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၅ ရက်၊
(၂၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၅ ရက်၊
(၂၄) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၂၅) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၅ ရက်၊
(၂၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၅ ရက်၊
(၂၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၃ ရက်၊
(၂၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၁ ရက်၊
(၂၉) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊
(၃၀) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊
(၃၁) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊
(၃၂) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၂ ရက်၊
(၃၃) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၅ ရက်၊
(၃၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၃ ရက်၊
(၃၅) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲဒူ ခွင့် ၂ ရက်၊
(၃၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၅ ရက်နှင့်
(၃၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မြို့ပြများ စနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်၊ နေထိုင်မှုပုံစံအဆင့်မြင့်မားစေရန်နှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေဦးမြို့ မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦး မြို့နယ်ဟာ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများအရ ဧရိယာအားဖြင့် ၁၄၄၄.၈ စတုရန်းကီလိုမီတာကျယ်ဝန်းပြီးတော့ မူးမြစ်ကမ်းဘေးမှာ တည်ရှိသော မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၆၂ အုပ်စုတည်ရှိပါ တယ်။ လူဦးရေစုစုပေါင်းမှာ တစ်သိန်းကျော်ရှိပြီး အိမ်ထောင်စုပေါင်း ၂၆၃၇၃ အိမ်ထောင်စုရှိပါ တယ်။ ရေဦးမြို့နယ်ဟာ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများကို ကားလမ်းသာ အဓိကအသုံးပြု သွားလာကြပါတယ်။ အဝေးပြေးကားအသင်းပေါင်း ၂၃ သင်းပြေးဆွဲလျက်ရှိပါတယ်။ စိုက်ပျိုးရေး လုပ်ငန်းကို အများဆုံးလုပ်ကိုင်ပြီးတော့ စိုက်ပျိုးရေးထွက်ကုန် ဆန်၊ စပါးနှင့် စိုက်ပျိုးရေးထွက်ကုန်များ ရောင်းဝယ်ခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါတယ်။ အနီးပတ်ဝန်းကျင်မြို့နယ်များနဲ့ နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုအားကောင်းသော မြို့တစ်မြို့ဖြစ်ပါတယ်။

ကျန်းမာရေးအနေဖြင့် ကုတင် ၁၀၀ ဆံ့ဆေးရုံတစ်ရုံတည်ရှိပြီး ပုဂ္ဂလိကဆေးရုံများလည်း ထားရှိ ခြင်းကြောင့် အနီးပတ်ဝန်းကျင်မြို့များမှ ကျန်းမာရေးကိုအားကိုးအားထားပြုကာ ဆေးကုသမှုခံယူကြရ ပါတယ်။ ၁၆ ကုတင်ဆံ့တိုင်းရင်းဆေးရုံကိုလည်း ဖွင့်လှစ်ရန်ဆောက်လုပ်ပြီးဖြစ်ပါတယ်။ ပညာရေး အနေအားဖြင့် မြို့ပေါ်မှာ အ.ထ.က နှစ်ကျောင်းတည်ရှိပြီး ကိုယ်ပိုင်အထက်တန်းအဆင့်သင်ကျောင်း ၁၇ ကျောင်းနှင့် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ၄၆ ကျောင်း တည်ရှိပါတယ်။ ရေဦးမြို့နယ်အတွင်း မှာ ကျောင်းသားကျောင်းသူဦးရေ ၂၅၀၀၀ ကျော် ပညာသင်ကြားလျက်ရှိနေပြီးတော့ ရေဦးမြို့မှာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းအရေအတွက် အလွန်များပြားပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်ချက်ရာခိုင်နှုန်းအားဖြင့် နှစ်စဉ်လိုလိုပထမရရှိခဲ့ပြီး ရေဦးမြို့တွင်လာရောက်ပညာသင်ကြားနေသော အနယ်နယ်အရပ်ရပ်မှ ကျောင်းသားကျောင်းသူအရေအတွက်လည်း ပိုမိုများပြားလာပါတယ်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် မြို့ပြဖွံ့ဖြိုးမှုပိုမိုအားကောင်းလာရပါတယ်။ မြို့ပြဖွံ့ဖြိုးလာသည်နှင့်အမျှ ကျေးလက်မှပြည်သူများ မြို့ပေါ်တွင်အခြေချနေထိုင်လာခြင်း၊ လူနေအိမ်ခြေများ တိုးချဲ့ဆောက်လုပ်လာခြင်း၊ စီးပွားရေးလုပ်ငန်းများချဲ့ထွင်လုပ်ကိုင်လာခြင်းတို့ကြောင့် မြေနေရာအလွတ်များကို ဖြစ်သလိုတိုးချဲ့နေထိုင်လုပ်ကိုင်လာကြပါတယ်။ မြို့ပေါ်လမ်းများနှင့် ယာဉ်သွားယာဉ်လာများမှာလည်း ပိုပိုကြပ်တည်းလာတာကို တွေ့ရှိရပါတယ်။

Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါက ရေဦးမြို့အဝင်လမ်းဖြစ်ပါတယ်။ ရေဦးမြို့အဝင်လမ်းမှာ တိုးချဲ့လာသော လူနေအိမ်အဆောက်အဦနှင့်ဆိုင်များဖြစ်ပါတယ်။ ဒါကလည်း ရေဦး-မုံရွာအဝင်လမ်းမှာ တိုးချဲ့လာတဲ့ဆိုင်တန်းတွေ ဖြစ်ပါတယ်။ ရေဦးကို မူးတံတားကိုဖြတ်ပြီးတော့ ရွှေဘိုဘက်ကအဝင်လမ်း ဖြစ်ပါတယ်။ ဒီလမ်းမှာလည်း ဆိုင်ခန်းတွေနဲ့လူနေအိမ်ခြေတွေ တိုးချဲ့လာကြတာဖြစ်ပါတယ်။ ဒါက ရေဦးမြို့ဈေးနဲ့ နာရီစင်ဖြစ်ပါတယ်။ ဒီပတ်ဝန်းကျင်မှာလည်း အမြဲတမ်းလိုလိုယာဉ်သွားယာဉ်လာတွေ ကြပ်တည်းနေပါတယ်။ ဒါက ဈေးပတ်ဝန်းကျင်ရဲ့အရှေ့ဘက်မှာဖြစ်ပါတယ်။ ဒါက ရေဦးမြို့အထွက်ဘက်မှာလည်း ခိုင်မာသောအဆောက်အဦများ တိုးချဲ့လာတာတွေ့ရပါတယ်။ ဒါက ရေဦးမြို့ရဲ့အထွက်ဘက်မှာ ဖြစ်ပါတယ်။ ကလေးဝဘက်ကိုသွားတဲ့လမ်းမှာထွက်ထားတဲ့အဆောက်အဦတွေ တိုးချဲ့လာတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရေဦးမြို့ပေါ်ငါးရပ်ကွက်မှာ တိုးချဲ့ရန်မြေနေရာ သတ်သတ်မှတ်မှတ်မရှိသော်လည်း မြို့နှင့်ဆက်စပ်လျက်ရှိသော လယ်မြေများကိုပါ တိုးချဲ့ဆောက်လုပ်လာကြတာကို တွေ့ရှိရပါတယ်။ မြေနေရာဦးမှုများလည်း တည်ရှိလာပါတယ်။ လုပ်ငန်းများ လိုအပ်ချက်အရ တိုးချဲ့လုပ်ကိုင်လာကြသော်လည်း စနစ်တကျတည်ဆောက်နိုင်ခြင်းမရှိဘဲ မြို့ပတ်ဝန်းကျင်ရှိလယ်မြေကွက်များကို ဖြစ်သလိုချဲ့ထွင်တည်ဆောက်လုပ်ကိုင်လာကြခြင်းဖြစ်ပါတယ်။ ပြုပြင်၍မရနိုင်သော အလွဲအမှားများမဖြစ်စေရန်၊ စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကောင်းမွန်သောမြို့ပြလူနေမှုပုံစံများ ဖော်ဆောင်ပေးရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ မြို့ပြလူနေမှု စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ လူနေထိုင်မှုပုံစံများအဆင့်မြင့်မားစေရန်နှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေဦးမြို့ပြစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဖော်ဆောင်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

မူကြမ်း

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းမှမေးမြန်းထားတဲ့ မြို့ပြများစနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက် စေရန်၊ နေထိုင်မှုပုံစံအဆင့်မြင့်မားစေရန်၊ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေဦးမြို့ မြို့ပြစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဖော်ဆောင်ပေးနိုင်မည်နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲ့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမူဘောင်ဖြစ်တဲ့ ဒေသအနှံ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အခြေခံ၍ လူဦးရေတစ်သိန်းအထက်ရှိ မြို့ကြီးများ၊ လူဦးရေငါးသောင်းအထက်ရှိမြို့ကြီးများ၊ လူမှုစီးပွားရေး အရ ဖွံ့ဖြိုးမှုအလားအလာအများဆုံးရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမြို့တော်များ၊ စီးပွားရေးစင်္ကြံတစ်လျှောက်ရှိမြို့ကြီးများ၊ မြို့ငယ်များ၊ ဆက်သွယ်ရေးအရ အရေးပါသောလမ်းဆုံမြို့ များ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းရှိသည့် မြို့ပြဒေသများအား ဦးစား ပေးပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံ(Town Development Conceptual Plan) များကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ မြို့ပြစီမံကိန်းများ၊ ကျေးရွာစီမံကိန်းများရေးဆွဲရာမှာ လူဦးရေ၊ တည်နေရာ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ပထဝီဝင်အနေအထား၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လက်ရှိအိမ်ရာအဆောက်အအုံများရဲ့ အခြေအနေ၊ သဘာဝအရင်းအမြစ်များနှင့် ထူးခြားသည့်ဝိသေသလက္ခဏာများ ဥပမာ-သမိုင်းဝင်မြို့၊ ခရီးသွားလုပ်ငန်းအထူးပြုမြို့၊ အုပ်ချုပ်မှုမြို့၊ နယ်စပ်ကုန်သွယ်ရေးမြို့စသည့်အချက်များကို အဓိက ထည့်သွင်းစဉ်းစားဆောင်ရွက်ပါတယ်။

ထို့အပြင် မြို့ပြစီမံကိန်းရေးဆွဲမည့်ဒေသ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့် အရင်းအမြစ်များ၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏မူဝါဒနှင့် အကောင်အထည်ဖော်မည့် အဖွဲ့အစည်း များ၊ ဒေသခံပြည်သူများ၏ လက်ခံနိုင်မှုအခြေအနေများအပေါ် မူတည်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲရမှာဖြစ်ပါတယ်။ အဲ့ဒါ ကြောင့်မို့လို့ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းအဆင့်ဆင့်မှာ ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါကြောင်း ပဏာမတင်ပြလိုပါတယ်။ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့၊ မုံရွာမြို့၊ ရွှေဘိုမြို့၊ တမူးမြို့၊ ကလေးမြို့၊ လဟယ်မြို့များအား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊ ကလေး

မြို့နယ်၊ တမူးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာများပြန်လည်ထူထောင်နေရာချထားရေးစီမံကိန်းရေးဆွဲခြင်း၊ ရွှေဘိုခရိုင် ကျောက်မြောင်းစီးပွားရေးဇုန်စီမံကိန်းရေးဆွဲခြင်း၊ မုံရွာမြို့ မြို့ပြ ဖွံ့ဖြိုး ရေးလုပ်ငန်းပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ မူလလျာထားချက်မြို့များဖြစ်တဲ့ ဟုမ္မလင်း၊ ဒီပဲယင်း၊ ဘုတလင်မြို့များ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရေးဆွဲရန်ကျန်ရှိခဲ့တဲ့ ကသာမြို့နဲ့ ကောလင်းမြို့များရဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စီမံလျာထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော့်အနေနဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ အနည်းငယ်အကျဉ်းချုပ်ရှင်းပြလိုပါတယ်။ မြို့ပြစီမံကိန်းရေးဆွဲရာမှာ သက်ဆိုင်ရာမြို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ ဦးစွာတွေ့ဆုံပြီး ၎င်းတို့ရဲ့ မြို့ပြဖွံ့ဖြိုးမှုအပေါ်ထားရှိတဲ့ အတွေးအမြင်လိုလားချက်များနဲ့ အကြံပြုချက်များကို အခြေခံပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံ(မူကြမ်း)ကိုရေးဆွဲရတာ ဖြစ်ပါတယ်။ ရေးဆွဲပြီးတဲ့ (မူကြမ်း)ကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များထံတင်ပြပြီး လမ်းညွှန်မှုခံယူရပါတယ်။ ဝန်ကြီးချုပ်များ၏ လမ်းညွှန်ချက်များနဲ့အညီ မြို့ပြစီမံကိန်းသဘောထားပုံစံကို အပြီးသတ်ရေးဆွဲပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှာ အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုချက်ရပြီးတဲ့အခါမှာ မြို့နေပြည်သူများကို အသိပေးချပြရမှာဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကအတည်ပြုထားတဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသဘောထားပုံစံအတိုင်းပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ ဝိသမလောဘစီးပွားရေးသမားများမှ မြို့နဲ့နီးကပ်တဲ့ လယ်ယာမြေများကိုဝယ်ယူပြီး Land Speculation များပြုလုပ်တာကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်းများမှာအတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့လည်း တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငါးနှစ်စီမံကိန်းမှာ ရေဦးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို လျာထားပြီးဖြစ်ပါတယ်။ ရေဦးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း သီးခြားစီတည်ရှိသော လမ်းဖြတ်နှစ်ခုအား ဆက်သွယ်ပေးမည့် ပွင့်ရှည်ချောင်း ချောင်းကူးတံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ တင်ပြမှာကတော့ မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်မှာရှိတဲ့ ပွဲ့န်ရှည်ချောင်းတံတားကို တည်ဆောက်ပေးနိုင်ဖို့ လာမယ့်ဘဏ္ဍာနှစ်မှာ အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီ အခုမြင်ကွင်းကတော့ ဒီဘက်က ညာဘက်အပေါ်ထောင့်က လမ်းကတော့ ရန်ကုန်-စစ်တွေလမ်းမကြီးဖြစ်ပါတယ်။ ဒီဘက် အောက်ဘက်လမ်းကတော့ မင်းပြား-မြေပုံလမ်းဖြစ်ပါတယ်။ အဲဒီလမ်းနှစ်လမ်းကို ကန့်လန့်ဖြတ်ဆက်သွယ်ထားတဲ့ အနီရောင်မျဉ်းကတော့ မြေပုံ-ကံသာ-ကပိုင်လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်မကလာတဲ့ ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတွေဟာဆိုလို့ရှိခဲ့ရင် ရန်ကုန်-စစ်တွေကားတွေနဲ့လိုက်လာပြီးတော့ ကျွန်တော်တို့ မြေပုံဘက်ကိုသွားမယ်ဆိုရင် မင်းပြားမှာတစ်ထောက်နားရပါတယ်။ အဲဒီကမှတစ်ဆင့် ကျွန်တော်တို့ ကားတွေငှားပြီးတော့ ကုန်းတစ်တန်၊ ရေတစ်တန်နဲ့ မြေပုံကိုပြန်ပြီးတော့ ဝင်ကြရပါတယ်။ တကယ်လို့ ဒီဖြတ်လမ်းကိုသာ အပြီးတည်ဆောက်သွားမယ်ဆိုရင် မိုင် ၄၀ လောက် ပိုမိုပြီးတော့ နီးသွားမှာဖြစ်ပါတယ်။ လူနဲ့ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတွေဟာဆိုလည်း တိုက်ရိုက်မြေပုံမြို့ကို ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီကပိုင်-ကံသာလမ်းကတော့ ကျွန်တော်တို့ ၉ မိုင်နဲ့ ၁ ဖာလုံပဲရှိပါတယ်။ အဲဒီ ၉ မိုင် ၁ ဖာလုံရှိတဲ့လမ်းမှာဆိုရင် အကုန်လုံးကျောက်ခင်းလမ်းပြီးသွားပါပြီ။ ဒါပေမဲ့ သွားလို့မရသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုံမှာမြင်တဲ့အတိုင်းပါပဲ။ ပေ ၁၀၀၀ လောက်ရှိတဲ့ ပွဲ့န်ရှည်ချောင်းနဲ့ ပေ ၂၀၀၀ ကျော်ကျယ်တဲ့ ကျောင်းငမော်မြစ်တို့ဟာ ခြားနားထားလို့ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အပိုင်း(၁)ရယ်၊ အပိုင်း(၂)ရယ်၊ အပိုင်း(၃) လမ်းဖြတ်တွေ သုံးပိုင်းဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ အဲဒီတော့ အပိုင်း(၁)နဲ့ အပိုင်း(၂)ကို ဆက်သွယ်မယ့် အခု အနီးမြားနဲ့ပြထားတဲ့ တံတားတည်ဆောက်မယ့်နေရာ ပေ ၁၀၀၀ နီးပါးလောက်ရှိပါတယ်။ အဲဒီနေရာကို အဲဒီချောင်းက ပွဲ့န်ရှည်ချောင်းလို့ခေါ်ပါတယ်။ အဲဒီချောင်းကိုသာ တံတားလုပ်လိုက်မယ်ဆိုရင်၊ ဆောက်လုပ်လိုက်မယ်ဆိုရင် အပိုင်း(၁)နဲ့ အပိုင်း(၂)က တစ်ဆက်တည်းဖြစ်သွားပြီးတော့ မင်းပြား-စစ်တွေ-ရန်ကုန်ကားလမ်းနဲ့ တစ်ဖက်တစ်လမ်းကိုရောက်သွားမှာဖြစ်ပါတယ်။ ကျောင်းငမော်မြစ်ကတော့ နည်းနည်းကျယ်တော့ အချိန်ယူပြီးတည်ဆောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အဲဒီတံတားသာပြီးခဲ့လို့ရှိရင် ဒီဘက်က တစ်ဖက်ကမ်းဘက်က မြေပုံမြို့နယ် အဲဒီဒေသက ခရီးပြည်သူတွေဟာ ကျွန်တော်တို့ဆီကို မြေပုံကို ဈေးဝယ်၊ ဈေးလာ အများကြီးလာရောက်နိုင်ပါတယ်။ ပြီးတော့ ပြည်မက ကုန်ပစ္စည်းတွေ ခရီးသည်တွေက တိုက်ရိုက်လာနိုင်တဲ့အတွက် မြေပုံမြို့နယ် စီးပွားရေး၊ လူမှုရေးဟာလည်း အဆင့်အတန်းတစ်ခုကို တိုးမြင့်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်မှာရှိတဲ့ မြေပုံမြို့နယ်နဲ့ မင်းပြားမြို့နယ်အတွင်း သီးခြားတည်ရှိနေသော ဖြတ်လမ်းနှစ်ခုအား ဆက်သွယ်ပေးသည့် ပွဲ့န်ရှည်ချောင်း ချောင်းကူးတံတားကို လာမယ့်ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စတင်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ မေးမြန်းထားတဲ့ မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း သီးခြားစီတည်ရှိသော လမ်းဖြတ်နှစ်ခုအား ဆက်သွယ်ထားမည့် ပွွန်ရှည်ချောင်း ချောင်းကူးတံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ မြေပုံ-ကသာ-ကပိုင်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်၊ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်(၈/၂)နှင့် (၈/၄) ကြားရှိ ပွွန်ရှည်ချောင်းကိုဖြတ်သန်း၍ ပွွန်ရှည်ချောင်းတံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတည်ဆောက်မည်ဆိုပါက လျာထားခန်းဖွင့် ၇၀ ပေ ၂ ခန်း၊ ၁၂၀ ပေ ၅ ခန်း၊ ၇၀ ပေ ၂ ခန်း စုစုပေါင်း ၈၈၀ ပေ တည်ဆောက်ရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက်ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေခွဲဝေလျာထားမှုအပေါ်မူတည်ပြီး လမ်းသစ်ဖောက်လုပ်ခြင်း၊ တံတားသစ်တည်ဆောက်ခြင်းတို့ကို ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ အဆိုပါမြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ပွွန်ရှည်ချောင်းအား ၈၈၀ ပေအရှည် သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လဘတ်ဂျက်တွင် ရန်ပုံငွေများ တင်ပြတောင်းခံထားရှိပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်က ဧပြီလ ၁ ရက်လား။ ပြန်ကြည့်ပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ခြောက်လဘတ်ဂျက်မှာ စတင်လျာထားပြီးတော့ တင်ပြတောင်းခံဆောင်ရွက်ပေးသွားပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခြောက်လဘတ်ဂျက်မှာပေါ့။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။

**ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီ-ဥယျာဉ်ကျစ် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မဲဇလီ-ဥယျာဉ်ကျစ်လမ်းပိုင်းဟာ အရှည် ၁၆ မိုင်ရှိပြီး မင်းဘူး-စလင်း-ဆင်မကျွန်းလမ်းနှင့် ပြည်ထောင်စုလမ်းမကြီးခေါ် ပုသိမ်-မုံရွာလမ်းမကြီးနှင့် ဆက်သွယ်ထားသော လမ်းဖြစ်ပါတယ်။ ဒီလမ်းပိုင်းဟာ ပွင့်ဖြူမြို့နယ်အနောက်ဘက်ခြမ်းတစ်ခြမ်းလုံး ကုန်စည်စီးဆင်းမှု အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် ရဟန်းရှင်လူ၊ ပြည်သူများအားကိုးအားထား သွားရသောလမ်းဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၀၀ ကျော်ရှိသည့်အနက် ကျေးရွာပေါင်း ၅၀ ခန့်အသုံးပြုရသော လမ်းလည်းဖြစ်ပါတယ်။ ထို့အတူ စေတုတ္တရာမြို့နယ်မှ ကျေးရွာပေါင်း ၆၀ ကလည်း ဒီလမ်းပိုင်းကိုသာအသုံးပြုပြီး ပွင့်ဖြူမြို့သို့ အဓိကထားသွားလာရသော လမ်းလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပွင့်ဖြူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် မဲဇလီ-ဥယျာဉ်ကျစ် မြေသားလမ်း ၁၄ မိုင်အား ငွေကျပ် ၅၆၁.၀၈၆ သန်းနှင့် ကျောက်ချောလမ်း ၁၆ မိုင်အား ငွေကျပ် ၂၅၁.၀၂၈ သန်း စုစုပေါင်း ၈၁၂.၁၁၄ သန်းဖြင့် MYP ကုမ္ပဏီမှ တင်ဒါဆွဲပြီးဆောင်ရွက်ခဲ့သော လမ်းလည်းဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာ လမ်းပိုင်းမှာပျက်စီးယိုယွင်းနေပြီး ဒေသခံပြည်သူ များမှာ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်လမ်းကို မျှော်လင့်တောင်းဆိုနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းကတော့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ကျေးလက်ဦးစီးဌာနကနေပြီးတော့ MYP ကုမ္ပဏီကို ၈၁၂.၁၁၄ သန်းဖြင့် ဆောင်ရွက်သွားခဲ့တဲ့လမ်းပဲဖြစ်ပါတယ်။ အဲဒီလမ်းကို ပြန်လည်ပြင်ဆင်ဖို့အတွက် ၂၀၁၆ ခုနှစ်မှာ ကျွန်တော် ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ သို့သော်လည်း ဒီကုမ္ပဏီကိုဆက်သွယ်၍ မရတဲ့အကြောင်း ကုမ္ပဏီကို Black List သွင်းပြီးတော့ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ တရားစွဲဆိုမယ်ဆိုတဲ့အကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော် ယနေ့အချိန်ထိ ဘယ်လိုအရေးယူ ထားတယ်ဆိုတာ မကြားသိရသေးပါဘူး။ ဒါလည်း ဒီကုမ္ပဏီခင်းသွားတဲ့လမ်းပါ။ ဒါကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်လမ်းဦးစီးကနေပြီးတော့ ကျွန်တော်တို့ ကျေးလက်ဦးစီးဌာန ကနေပြီးတော့ ၂ မိုင်ကို ၁၆၂ သိန်းနဲ့ ခင်းထားတဲ့လမ်းဖြစ်ပါတယ်။ အကျယ် ၁၂ ပေ၊ အမြင့် ၃ လက်မထုနဲ့ ၂ မိုင်သာပြင်ဆင်ထိန်းသိမ်းပြီးတော့ ခင်းထားတဲ့လမ်းဖြစ်ပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့ ၂၀ ရက်နေ့က မဲဇလီ-ဥယျာဉ်ကျစ်လမ်းမကောင်းလို့ ဆည်မြောင်းတာပေါင်ပေါ်က မောင်းခဲ့တဲ့အတွက် ဆည်မြောင်းထဲမှာထိုးကျပြီးတော့ တိမ်းမှောက်သွားခဲ့တဲ့ကားပါ။ ဒါ လူပေါင်း ၃ ဦးသေဆုံးခဲ့ပြီး ကျန်လူများဒဏ်ရာရရှိခဲ့ပါတယ်။ ဒါအောက်ပိုင်းလမ်းတွေမကောင်းတဲ့အတွက် ဆည်ပေါင်ပေါ်မှာ မောင်းခဲ့ရင်းကနေပြီးတော့ ဘေးကိုထိုးကျပြီးတော့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာပြခဲ့အတိုင်း မဲဇလီ-ဥယျာဉ်ကျစ်ကျောက်ချောလမ်းဟာ ပျက်စီးနေတဲ့အတွက် ကုန်စည်စီးဆင်းမှုတွေနှောင့်နှေးကြန့်ကြာ သလို မလိုအပ်ဘဲအချိန်တွေကုန်၊ ငွေတွေကုန်ပြီး အခန့်မသင့်လျှင်ကားတိမ်းမှောက်မှု၊ ယာဉ်တိုက်မှု များကြုံတွေ့ရတတ်ပါတယ်။ နေ့ဒဗ္ဗ၀ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများသွားလာနေသော လမ်းဖြစ်

ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးအတွက် ရဟန်းရှင်လူ၊ ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရန် မဲဇလီ-ဥယျာဉ်ကျစ်ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်နှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းမှ မေးမြန်းထားတဲ့ ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီ-ဥယျာဉ်ကျစ်ကျောက်ချောလမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မဲဇလီ-ဥယျာဉ်ကျစ်ကျေးရွာချင်းဆက်လမ်း အရှည် ၁၆ မိုင်သည် ပုသိမ်-မုံရွာလမ်းမကြီးနှင့် မင်းဘူး-စလင်း လမ်းမကြီးတို့ကို ဆက်သွယ်ထားသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း၏ လက်ရှိအခြေအနေမှာ ကျောက်လမ်းဖြစ်ပြီး ပျက်စီးလျက်ရှိသည့် ကျောက်လမ်းအပိုင်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြင်ဆင်ပေးသွားမှာ ဖြစ်ပါတယ်။

ထို့အပြင် မဲဇလီ-ဥယျာဉ်ကျစ်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေး အဆင့်(၁)လမ်းတွင်ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတိုင်မီ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့မှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ခုလို ဒုတိယဝန်ကြီးကနေပြီးတော့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ခုနလို Power Point တင်ပြသွားသလို လမ်းတွေဟာပျက်စီးပြီးတော့ ယိုယွင်းနေတာလည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေကလည်း ဒီလမ်းကိုကတ္တရာလမ်းအဖြစ် အင်မတန်မှ မျှော်လင့်နေတဲ့လမ်းပိုင်း ဖြစ်သလို Class (A) မှာပါပြီး (P)အဆင့်(၁)ဆိုတာလည်း ဦးစားပေးဆောင်ရွက်မယ်ဆိုတာလည်း သိပါတယ်။ သို့သော်လည်း ကျွန်တော်အဓိကပြောချင်တာတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ၈ မိုင် ဖြစ်ဖြစ်စပြီးတော့ ခင်းပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ ကျွန်တော်တို့ သိရှိလိုပါတယ်ခင်ဗျား။ ဒါကို ပြန်လည်ပြီးတော့ ဖြေကြားပေးပါလို့။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာ Class (A)အဆင့်(၁)ပါဝင်တဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ကြီးကစတင်ပြီးတော့ ရန်ပုံငွေတင်ပြပါမယ်ခင်ဗျား။ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီးတော့ အဆင့်မြှင့်တင်ပေးသွားပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီးတော့ ပြန်လည်ပြင်ဆင် ပေးတာက တစ်ပိုင်းပေါ့။ ခုနက တင်ဒါအောင်တဲ့ ကုမ္ပဏီအနေနဲ့ ဒီပြည်သူ့ဘဏ္ဍာအပေါ်မှာ ခုနလို ပျက်စီးဆုံးရှုံးမှုတွေရှိတာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကြပ်ကြပ်မတ်မတ်တော့ ကိုင်တွယ်စေချင်တယ်။ Black List သွင်းတယ်ဆိုတာက သွင်းရင်လည်း တချို့ကုမ္ပဏီတွေက နောက်ထပ် နာမည်သာတစ်မျိုးနဲ့ ဒီလူတွေပဲ နာမည်တာလွဲတာ ပေါ်လာပြန်ရော။ အဲဒီတော့ ပြည်သူ့ဘဏ္ဍာသာ ဆုံးရှုံးတယ်။ လမ်းကပြန်မကောင်းဘူး။ Black List သွင်းခံရတဲ့ ကုမ္ပဏီက နောက်ထပ်ကုမ္ပဏီအမည်နဲ့ ဖုံရင်း၊ ဖုံရင်းပြန်ပေါ်လာတယ်။ အဲဒီအခါကျတော့ သူတို့ကို ထိထိရောက်ရောက်မကိုင်တွယ်နိုင်လို့ရှိရင် ပြည်သူ့ဘဏ္ဍာနဲ့ပဲ ခုနလို ဘဏ္ဍာငွေတင်တောင်း တစ်ခါ ထပ်ပြင် အဲလိုကုမ္ပဏီကရသွား၊ တစ်ခါပျက်။ အဲဒီလိုအရေးမယူခဲ့ဘူးဆိုရင် တစ်ခါထပ်တင်တောင်း။ အဲဒါက ပြည်သူ့ဘဏ္ဍာငွေက သဲထဲရေသွန်ဖြစ်တယ်။ ဒါကြောင့်မို့လို့ တင်ဒါအောင်ပြီးခဲ့တဲ့ တာဝန်ယူပြီးခဲ့တဲ့ကုမ္ပဏီ ဒီကုမ္ပဏီမှာ တာဝန်ရှိတယ်။ ဒီလောက်လမ်းပျက်နေတာ။ အဲဒီတာဝန်ရှိတဲ့ အပေါ်မှာ ပေးတဲ့ဝန်ကြီးဌာနလည်း တာဝန်မကင်းဘူး။ တာဝန်ရှိတယ်။ ဒါကိုတော့ ကျွန်တော်တို့က ပြန်ပြီးတော့ ဒီလိုကုမ္ပဏီမျိုးကို ဥပဒေနဲ့အညီ ကြပ်ကြပ်မတ်မတ်တော့ အရေးယူစေချင်တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ တင်ပြခွင့်ပြုပါခင်ဗျား။ ဒီ Black List သွင်းခဲ့တာကတော့ ယခင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေ သွင်းခဲ့တာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီကုမ္ပဏီကို ဆက်လက်အရေးယူပေးဖို့လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို စာပို့ထားပါတယ်ခင်ဗျား။ ကျွန်တော်တို့က အခုမှ အသစ်ဖွဲ့လိုက်တဲ့ ကျေးလက်လမ်းဦးစီးဌာနကို လွှဲပြောင်းတဲ့လမ်းလေးဖြစ်တဲ့အတွက် ပြင်တာတော့ ကျွန်တော်တို့ ပြင်ပေးပါမယ်ခင်ဗျား။ ယခင်ဆောင်ရွက်ခဲ့တဲ့ အရေးယူမှုတွေကိုတော့ ဝန်ကြီးဌာနချင်း စာပို့ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုတော့ ဝန်ကြီးဌာနနှစ်ခု နီးနီးနားနား၊ ဒုတိယဝန်ကြီးနှစ်ဦးလည်း နီးနီးနားနား ဒီကပြန်သွားတာနဲ့ ပေါင်းစပ်ပြီးတော့ အဲဒီလိုဖြစ်နေတဲ့ကုမ္ပဏီတွေကို ပြည်သူ့ဘဏ္ဍာငွေကို ဒီလောက်ဆိုးဆိုးရွားရွား လုပ်ခဲ့တဲ့ဟာကိုတော့ တိတိကျကျလေးတော့ ဥပဒေနဲ့အညီဆောင်ရွက်စေချင်တယ်။ ကျွန်တော်တို့ကတော့။ ပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လက်အောက်မှာရှိတဲ့ ကျေးလက်ဦးစီးဌာနလက်ထက်က ယခုဖြစ်ပျက်ခဲ့တဲ့ကိစ္စကို အခုပြည်သူ့လွှတ်တော်မှာဥက္ကဋ္ဌကြီး လမ်းညွှန်ချက်နှင့်အညီ သေသေချာချာလေးကိုပြန်ပြီးတော့ Recall လုပ်ပြီးတော့ ဖိဖိစီးစီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။

**မင်းတုန်း-ဘူးတောင်း- ပုသိမ်-မုံရွာလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းတို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးလိုမယ့်မေးခွန်းမှာ ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီးမှ မင်းတုန်းမြို့အတွင်းသို့ ဝင်ရောက်သော မင်းတုန်း-ဘူးတောင်း အဲဒီမှာ ဘူးဆောင်းဖြစ်နေပါတယ်ရှင်။ ဘူးတောင်းပါ။ မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာဆက်သွယ်ရေးလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ခြင်းဖြစ်သော လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းအရင်းကတော့ ပုသိမ်-မုံရွာလမ်းမကြီးရဲ့ ဘူးတောင်းကျေးရွာလမ်းခွဲမှ မင်းတုန်းမြို့အတွင်းသို့ ဝင်ရောက်လာသောလမ်းအရှည်မှာ ၃ မိုင် ၄ ဖာလုံရှိပြီး လမ်းအကျယ်မှာ ၁၂ ပေသာကျယ်ဝန်းပါတယ်။ ထိုလမ်းကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှစီမံဆောင်ရွက်ခဲ့တဲ့ ကျေးလက်လမ်းဖြစ်ပါတယ်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်လို့ ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမယ့်အထဲမှာပါဝင်နေပြီဖြစ်ပါသဖြင့် အရေးကြီးလမ်းတစ်လမ်းဖြစ်လို့ Class(A)ထဲကို ဦးစားပေး(၁)အနေနဲ့လည်း ထည့်သွင်းထားပါတယ်။ ထိုလမ်းတစ်လျှောက်မှာ ကျေးရွာအစဉ်အဆက်များပြီး ပြည်သူလူထုအသုံးများတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ လမ်းပေါ်ကိုနှစ်စဉ်မိုးရေလျှံခြင်းကြောင့်လည်း လမ်းပေါက်ပြဲပျက်စီးခြင်း၊ လမ်းပုခုံးသားများမရှိခြင်း၊ လမ်းတွင်လှိုင်းများဖြစ်ပေါ်နေခြင်းကြောင့် ခရီးသွားများရဲ့ဆိုင်ကယ်များ၊ ကားများတိမ်းရှောင်ရန်ပင်ခက်ခဲနေပါတယ်။ စတင်ဆောင်ရွက်တဲ့နှစ်ကစပြီးတော့ ယခုအချိန်ထိ ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီး တစ်စုံတစ်ရာပြုပြင်ထိန်းသိမ်းခြင်းမရှိတဲ့အတွက် အခြေအနေဆိုးရွာနေပြီဖြစ်ပါတယ်။ ဒါကြောင့် ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ခြင်းဖြစ်သော လမ်းအဆင့်မြှင့်တင်ခြင်းကို အလျင်အမြန်ဆောင်ရွက်ပေးဖို့ လိုနေပြီဖြစ်ပါ၍ အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ကိုယ်စားမေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းနု မေးမြန်းထားတဲ့ ပုသိမ်-မုံရွာလမ်းမကြီးမှ မင်းတုန်းမြို့နယ်အတွင်းသို့ ဝင်ရောက်သော မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာဆက်သွယ်ရေးလမ်း၊ ယခင်ကျေးလက်လမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းတို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ မင်းတုန်းမြို့နယ် အတွင်းရှိ မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာ ဆက်သွယ်သောလမ်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တွင် ယခင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကတ္တရာလမ်း ၃ မိုင် ၄ ဖာလုံ ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရွာသွန်းသောမိုးဒဏ်ကြောင့် ကတ္တရာလမ်းပေါ် ရေလွှမ်း၍ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ လမ်းပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက် နိုင်ခြင်းမရှိခဲ့ပါဘူး။ အဆိုပါ မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာဆက်သွယ်သောလမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A)တွင်ပါဝင်တဲ့လမ်းဖြစ်ပြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းလုပ်ငန်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးတော့ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ တစ်ဆက်တစ်စပ်တည်းမေးခွင့်ပြုပါ။ အခု ကျွန်မတို့တောင်းတဲ့လမ်းကလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အလိုက်မှာ ရန်ပုံငွေတောင်းသွား မယ်ဆိုတာကို ကြားပါတယ်။ မိုင်အားဖြင့်လည်း သိပ်ပြီးရင်မများတဲ့လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းဘေးတစ်လျှောက်လယ်ယာမြေနှင့် အိမ်ခြံမြေပိုင်ဆိုင်တဲ့ပြည်သူ ၂၆၈ ဦးနဲ့လည်း ကျွန်မတို့ ဆွေးနွေးခဲ့ပြီးသားလည်းဖြစ်ပါတယ်။ အဲဒီတော့ ဒါဟာမဖြစ်မနေကို ပြင်ရမယ့်လမ်းပါ။ ဒီလိုမှ အမြန် ဆုံးမပြင်နိုင်ဘူးဆိုရင် ဒီလမ်းဟာ ဒါ့ထက်ဒါ့ထက် အခြေအနေဆိုးသွားနိုင်ပါတယ်။ အဲဒါကြောင့် ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ၂၀၁၈-၂၀၁၉ တောင်မဟုတ်ပါဘူး။ အခု ခြောက်လဘတ်ဂျက်ထဲကို ထည့်သွင်း စေချင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ မဖြေပါနဲ့တော့။ ခြောက်လဘတ်ဂျက်က အခုမှထည့်လို့မရတော့ဘူး။ ကိုယ်စားလှယ်တွေပဲစိစစ်နေပြီ။ ဟိုးတုန်းထဲကထည့်ခဲ့ရင်တော့ ဒါကတော့ ပါသွားနိုင်တာပေါ့။ အခုမှ တော့ စိစစ်ပြီဆိုရင်တော့ ဒီခြောက်လဘတ်ဂျက်က လွန်သွားပြီ။ ခြောက်လဘတ်ဂျက်ထဲနောက်မှ လိုက်ထည့်လို့မရပါဘူး။ လာမယ့် ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကြီးမှာပဲ ထည့်သွင်းလို့ ရပါ

မယ်။ ဒါကတော့ အားလုံးသိတဲ့အတိုင်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**တွံတေး-မအူပင် လမ်းမကြီး၊ လှိုင်သာယာ-တွံတေး ကားလမ်းမကြီးဆီသို့ မော်တော်ယာဉ်များဖြင့် တစ်ဆက်တည်းသွားလာနိုင်သည့် ဇီးဖြူကုန်းချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က တံတားတစ်စင်းကိစ္စနှင့် ပတ်သက်ပြီးတော့ မေးချင်ပါတယ်။ အဲဒါက ကျွန်တော်တို့ တွံတေးရဲ့မြောက်ပိုင်းပေါ့။ အဲဒါက တောက်လျှောက် ရေနက်ကွင်းဖြစ်တော့ အရင်တုန်းကဆိုရင် နှစ်တိုင်း ရေလွှမ်းပါတယ်။ ဒါပေမဲ့ ၁၉၇၅ ခုနှစ်မှာ နိုင်ငံတော်က ကျွန်တော်တို့ကို ရွှေသူဌေးတာကြီး ဖောက်ပေးလိုက်တော့ ရေလည်းမြုပ်တဲ့ဘေးက ကာကွယ်နိုင်တယ်။ လူတွေလည်း သွားရေးလာရေးက အတော်လေး အဆင်ပြေသွားပါတယ်။ ဒါပေမဲ့ ၁၉၈၈ ခုနှစ်ကျတော့ အဲဒီတာကြီးကို တစ်ခါ ရွှေသူဌေးက လုံခြုံရေးအခြေအနေအရဆိုပြီးတော့ ပိတ်လိုက်တဲ့အခါကျတော့ ဒေသခံတွေက တော်တော်လေး အခက်အခဲပြန်ပြီးတော့ တွေ့သွားပါတယ်။ အဲဒီတော့ အခုအချိန်မှာ ကျွန်တော်တို့ ကြည့်မြင်တိုင်နဲ့ လှိုင်သာယာကြားကမြို့ကိုလည်း ရန်ကုန်မြို့သစ်တည်မယ်ဆိုတဲ့အခါကျတော့ အဲဒီကဒေသကလည်း မကြာခင်ဖွံ့ဖြိုးလာတော့မှာပါ။ ဒီဘက် လှိုင်သာယာကားလမ်းအနောက်ဘက်အခြမ်းမှာ ဆိုလို့ရှိရင်လည်း မြို့သစ်တစ်ခုတည်မယ်။ ကျူးကျော်တွေထားဖို့ဆိုပြီးတော့ အကုန်လုံး ဧကသုံးထောင်လောက်ဆိုတော့ ဒီဒေသလည်း အမြန်ဖွံ့ဖြိုးလာတော့မှာပါ။ ဒါပေမဲ့ ဇီးဖြူကုန်းနားတစ်ဝိုက်က ရွာတွေကတော့ အကုန်လုံးကတော့ ပေးကားပေး၏မရ ပုံစံမျိုးဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဇီးဖြူကုန်းချောင်းကြီးက ခြားနေတဲ့အခါကျတော့ အဲဒီနားကလူတွေက ဟိုဘက်လည်းသွားလို့မရ၊ ဒီဘက်လည်းသွားလို့မရ သွားရေးလာရေးအခက်အခဲတွေ့ပြီးတော့ ကျန်းမာရေးရော၊ ပညာရေးရော အခက်အခဲတွေရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ကျွန်တော် ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ဖို့အတွက် Power Point လေးတင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ တွံတေးမြို့နယ်ရဲ့မြေပုံပါ။ ဒါက ကျွန်တော်တို့ တွံတေးမြို့နယ်တစ်ခုလုံးမှာရှိတဲ့ ငါးကန်တွေပါ။ အပြာတွေက ကျွန်တော်တို့ဒေသရဲ့ ဧကပေါင်း ၃၇၀၀၀ လောက်ရှိတော့ ဒါ တွံတေးမြို့နယ်ရဲ့ငါးကန်တွေပါ။ ကျွန်တော်တို့ရဲ့ အဓိက စီးပွားရေးလုပ်ငန်းပါပဲ။ ဒါကတော့ ဇီးဖြူကုန်းပတ်ဝန်းကျင်တစ်ဝိုက်ကတူးထားတဲ့ ငါးကန်ကြီးတွေပါ။ ဒါက ဒီငါးကန်တွေဖော်တဲ့အခါမှာ ဒါ အလုပ်သမားတွေ ငါးကန်ဖော်နေကြတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဇီးဖြူကုန်းရွာအတွင်းက လမ်းတွေပါ။ အဲဒါ မဖွံ့ဖြိုးတဲ့အခါကျတော့ အဲဒီဒေသက ကျန်ပြီးတော့ ကွန်ကရစ်လမ်းလည်းမရ၊ ကျွန်တော်တို့ဆီက လွှတ်တော် သိန်းတစ်ထောင်ကနေပြီးတော့ ရတဲ့ သိန်း ၅၀ လေးနဲ့ပဲ ပြင်နေရတဲ့အခါကျတော့ လမ်းတွေက မဖွံ့ဖြိုးနိုင်ဘဲ ကွန်ကရစ်လည်းမရှိ၊ လမ်းတွေကလည်းကျဉ်း၊ ဒါကလည်း အဲဒီတံတားနဲ့ပဲဆက်စပ်နေပါတယ်။ ဒါကတော့ ဇီးဖြူကုန်းရွာဦးမှာရှိတဲ့ သမိုင်းဝင်အဖက်တစ်ရာစေတီဖြစ်ပါတယ်။ အောက်ကတော့ ဇီးဖြူကုန်းချောင်းပါ။

ဒါကတော့ အဲဒီတံတားဆောက်နိုင်မယ့် အကျဉ်းဆုံးနေရာကို Google အပေါ်ကနေပြီး မြေပုံပေါ်က နေပြီး ရိုက်ထားတဲ့ပုံပါ။ အနီဝိုင်းလေးက တံတားဆောက်ဖို့သင့်တော်တဲ့နေရာပါ။ ဒါကတော့ မြေပုံ အနေနဲ့ ဆွဲပြထားတာပါ။ မြေပုံအောက်ဘက်ကအနီကတော့ တွံတေး-မအူပင် ကားလမ်းပါ။ လက်ဝဲဘက်အခြမ်းကလည်း မအူပင်ကိုဆက်တဲ့လမ်းပါ။ ကျွန်တော်တို့ အဲဒီ ဇီးဖြူကုန်းချောင်းလေးကို တံတားလုပ်လိုက်ရင် အဲဒီနားတစ်ဝိုက်ကသူတွေအကုန်လုံး အဲဒီတံတားကနေ ကားနဲ့ကူးပြီးတော့ တိုက်ရိုက် မအူပင်ကိုလည်း အမြန်သွားနိုင်ပါတယ်။ အခုဟာက မအူပင်ကိုသွားချင်ရင် ဒီဘက် သဝင်းတောလမ်းကနေပြီး ပတ်ပြီးတော့သွားနေရတဲ့အခါ အဝေးကြီးဖြစ်နေပါတယ်။ ဒါကလည်း ခုန ဇီးဖြူကုန်း- ရွှေကသစ် တံတားလေးဆောက်မယ့်နေရာလေးကို တွံတေးတူးမြောင်းနဲ့ယှဉ်ပြီးတော့ ပြထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဇီးဖြူကုန်းတံတားလေးသာ ကျွန်တော်တို့ တည်ဆောက်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျေးရွာအုပ်စုပေါင်းအားလုံး လေးအုပ်စုပေါ့။ တံခွန်တိုင်၊ အဒွန်း၊ ခတ္တိယ၊ ဇီးဖြူကုန်း၊ အဲဒီမှာ တံခွန်တိုင်မှာက ရွာလေးရွာ၊ အဒွန်းမှာက ရွာလေးရွာ၊ ခတ္တိယမှာက ရွာလေးရွာ၊ ဇီးဖြူကုန်းမှာက ရွာခြောက်ရွာ၊ လူဦးရေ စုစုပေါင်း ၁၅၀၀၀ လောက်၊ အားလုံးဟာ ကျွန်တော်တို့ ပြည်သူတွေအကုန်လုံး အဆင်ပြေပြီးတော့ သူတို့ရဲ့ဒေသထွက်ကုန်တွေ အကုန်လုံး ကလည်း အလွယ်တကူ မြန်မြန်ဆန်ဆန်နဲ့ တင်ပို့နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးကိစ္စကလည်း အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ပညာရေးကိစ္စဆိုလည်း အဲဒီနေရာကကျောင်းသားတွေဟာ တွံတေးကို နေ့ချင်းပြန် ကျောင်းတက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဇီးဖြူကုန်းချောင်းကူးတံတားလေးကို တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မှ မေးမြန်းထားတဲ့ တွံတေး-မအူပင် လမ်းမကြီး၊ လှိုင်သာယာ-တွံတေး ကားလမ်းမကြီးဆီသို့ မော်တော်ယာဉ်များဖြင့် တဆက်တည်းသွားလာနိုင်မည့် ဇီးဖြူကုန်းချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဇီးဖြူကုန်း ချောင်းကူးတံတား တည်ဆောက်မည့်အဆိုပြုနေရာသည် တွံတေး-မအူပင် ကားလမ်းမကြီးမှ ၄ မိုင် ကွာဝေးပြီး ချောင်း၏အနောက်ဘက်ကမ်းရှိ တံခွန်တိုင်ကျေးရွာနှင့် ၃ မိုင်ကွာဝေးပါတယ်။ ချောင်း၏ အရှေ့ဘက်ခြမ်းတွင် ဇီးဖြူကုန်းကျေးရွာအုပ်စုတည်ရှိပြီး အနောက်ဘက်ခြမ်းတွင် တံခွန်တိုင်ကျေးရွာ အုပ်စုတည်ရှိပါတယ်။ ချောင်းအကျယ်မှာ ၂၀၀ ပေခန့်ရှိပြီး ချဉ်းကပ်တံတားအပါအဝင် ၃၀၀ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ တံခွန်တိုင်ကျေးရွာသို့ မြေသားလမ်း ၃ မိုင် ဖောက်လုပ်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ တံတားတည်ဆောက်ခြင်းဖြင့် အိမ်ခြေ ၁၈၄၁ အိမ်ရှိ လူဦးရေ ၈၀၀၀ ခန့်အား အကျိုးပြုမှာဖြစ်ပါတယ်။ National Strategy for Rural Roads and Access ပါ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်းများအတွက်

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ သဘောတူညီချက်ဖြင့် ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စိစစ်၍ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ တွံတေးမြို့နယ်အတွင်းရှိ ဇီးဖြူကုန်းချောင်းကူး တံတားတည်ဆောက်ရန်အတွက် မြေသားလမ်း ၃ မိုင် ဖောက်လုပ်ရန်မှာ လယ်ယာမြေနှင့် ငါးမွေးမြူရေး ကန်ပိုင်ရှင်များနှင့် ဦးစွာပထမ ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၎င်းအပြင် အဆိုပါလမ်းသည် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ကျေးလက်လမ်းစာရင်းမှာလည်း ပါဝင်ခြင်းမရှိသေးတဲ့ အတွက် ပထမဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ကျေးလက်လမ်းစာရင်းကို ဦးစွာအမည်ပေါက် အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါတံတားနှင့်ပတ်သက်ပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများမှာတော့ လမ်းစာရင်းပေါက်ပြီးရင်တော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်နောက်ပိုင်းကာလများမှာ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့သွားသည့် ပြည်ထောင်စုကားလမ်းအပိုင်း B.O.T စနစ်ဖြင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် ခေါက်နွဲ့တောင် အတက်အဆင်းကားလမ်းပိုင်းပြုပြင်တည်ဆောက်မှု လမ်းအူကြောင်းအသစ် ရှာဖွေတည်ဆောက်ခြင်း အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်းနှင့် မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့သွားသည့် မော်တော်ကားလမ်းအပိုင်းဖြစ်သည့် လွိုင်လင်မြို့နှင့် မိုင်းပွန်ဒေသအပိုင်းတွင်ရှိသည့် ခေါက်နွဲ့တောင်အတက်အဆင်းလမ်းသည် အကွေ့အကောက် အန္တရာယ်ကွေ့များခြင်း၊ မိုးဥတုရာသီကာလများတွင် မိုးရွာသွန်းမှုများပြီး သဘာဝဘေးအန္တရာယ်များ ကြောင့် မော်တော်ကားလမ်း အောက်ခံမြေများ ပြိုကျခြင်း၊ ကတ္တရာလမ်းသားများ အက်ကြောင်းရာများ ဖြစ်ပေါ်ပြီး ကတ္တရာလမ်းသားများ ပဲ့ကျ၊ ပြိုကျခြင်း၊ ခေါက်နွဲ့တောင်အမြင့်ပိုင်းမှ မြေသားများ၊ ကျောက်စိုင်ကျောက်တုံးကြီးများ ကတ္တရာလမ်းပေါ်ပြိုကျပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရဘဲ လမ်းကြောင်းပိတ်ဆို့မှုများဖြင့် ခရီးလမ်းအခြေအနေကြန့်ကြာခြင်းများဖြစ်ခဲ့ပါတယ်။ သက်ဆိုင်ရာလမ်းဦးစီးဌာနမှလည်း လမ်းပိတ်ဆို့မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါ တယ်။ ခေါက်နွဲ့တောင်အတက်အဆင်း ကတ္တရာလမ်းပိုင်းအား လမ်းအူကြောင်းအသစ်ရှာဖွေခြင်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတင်ပြီး အချိန်ကာလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကွင်းဆင်းလေ့လာမှုများပြုခဲ့ကြောင်း သိရှိရပါတယ်။ လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့ ဆက်သွယ်

သွားသည့် မော်တော်ယာဉ်လမ်းအပိုင်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပြီး မော်တော်ယာဉ်လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်း၊ တံတားများ လမ်းအကျယ်နှင့်အညီ တံတားများပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့သွားသည့် ပြည်ထောင်စုကတ္တရာလမ်းမကြီးပေါ်တွင် ယခုအချိန်အခါတွင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာအသုံးပြုမှုမြင့်မားများပြားလျက်ရှိပြီး မော်တော်ယာဉ်ကြီးများဖြစ်တဲ့ ၂၂ ဘီးယာဉ်များ အထူးအသုံးပြုမှုများပြားတဲ့အတွက်ကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ မတော်တဆဖြစ်မှုများလည်းရှိကြောင်း ကြားသိရပါတယ်။ ခရီးသွားမိဘပြည်သူများမှလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့သွားသည့် ပြည်ထောင်စုကားလမ်းပိုင်း B.O.T စနစ်ဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ခေါက်နွဲ့တောင်အတက်အဆင်းကားလမ်းပိုင်းပြုပြင်တည်ဆောက်မှု လမ်းအူကြောင်းအသစ်ရှာဖွေတည်ဆောက်ခြင်းအစီအစဉ်များရှိ/မရှိ ရှင်းလင်းတင်ပြပေးပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီမှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့သွားတဲ့ ပြည်ထောင်စုကားလမ်းအပိုင်း B.O.T စနစ်ဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနဲ့ ခေါက်နွဲ့တောင်အတက်အဆင်း ကားလမ်းပိုင်းပြုပြင်တည်ဆောက်မှုလမ်းအူကြောင်းအသစ် ရှာဖွေတည်ဆောက်ခြင်းအစီအစဉ်ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ တောင်ကြီး-လွိုင်လင်အပိုင်း ၆၀ မိုင်ကို နေမင်းရောင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမှ ဟိုပုန်းအထိ တောင်ကြီးမြို့တွင်းနှင့် ဟိုပုန်းမြို့အတွင်း AC ခင်းခြင်း၊ ဟိုပုန်းမှ ထန်ဆန်းအထိ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇွန်လတွင် ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် Road Signs, Caution Signs, Warning Signs တပ်ဆင်ရန် ကုမ္ပဏီအား ညွှန်ကြားထားပြီးဖြစ်၍ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီးမြို့မှ လွိုင်လင်မြို့သို့သွားသည့် လမ်းအပိုင်းရှိ ခေါက်နွဲ့တောင်အတက်အဆင်းလမ်းပိုင်းသည် ၁၉ ကီလိုမီတာရှိပါတယ်။ ၎င်းလမ်းအပိုင်းတွင် နေမင်းရောင်ကုမ္ပဏီမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ၅.၅ မီတာအကျယ်ကတ္တရာလမ်းချဲ့ခြင်း ၁၉ ကီလိုမီတာ၊ ၁၀.၃၆ မီတာအကျယ် မြေသားတာပေါင်ချဲ့ခြင်း ၁.၈၁ ကီလိုမီတာ၊ ကွန်ကရစ် အကာအကွယ်တိုင် ၆၈၀ တိုင်စိုက်ထူခြင်း၊ Aluminum

Guard Rail ၁၂၁၉ မီတာတပ်ဆင်ခြင်း၊ လမ်းအန္တရာယ်သတိပေးလမ်းညွှန်ဆိုင်းဘုတ် များ တပ်ဆင်ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်းစသည့်လုပ်ငန်းများအား နှစ်အလိုက်ဆောင်ရွက် ထားရှိပြီး ဖြစ်ပါတယ်။ မိုးတွင်းကာလ လမ်းပိတ်ဆို့မှုများဖြစ်ပွားလျှင် အမြန်ဆုံးဖယ်ရှားနိုင်ရန်အတွက် စက်/ယာဉ်ယန္တရားများအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် စီမံထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ခေါက်နွဲ့တောင်ကြောအတက်အဆင်းလမ်းအပိုင်းရှိ ကျောက်တောင်လမ်းကျဉ်းနေရာများချဲ့ခြင်း ၇.၃၁ မီတာအကျယ်နှင့် ကတ္တရာလမ်းချဲ့ခြင်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါလမ်းအပိုင်းရှိ ဝ တစ်လုံးတောင် ဥမင်လိုဏ်ခေါင်းနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသွားပါမယ်။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ တောင်ကြီးနှင့် လွိုင်လင်မြို့ကြားတွင် ခေါက်နွဲ့တောင်အမှတ်(၁)၊ ခေါက်နွဲ့တောင် အမှတ်(၂)၊ ဝ တစ်လုံးတောင်စသည့် တောင်သုံးလုံးကိုကျော်ဖြတ်၍ လွိုင်လင်သို့ဆင်းမည့် မော်တော်ကားလမ်းသည် အကွေ့အကောက်များခြင်း၊ ခေါက်နွဲ့တောင်ထိပ်သို့တက်ရာတွင် မြင့်မား မတ်စောက်ခြင်း၊ တောင်သုံးလုံးကို ပတ်ကွေ့တက်ရခြင်းတို့ကြောင့် အချိန်ကြာမြင့်ခြင်းနှင့် ယာဉ်အန္တရာယ်များကိုလည်း မကြာခဏကြုံတွေ့ရပါတယ်။ အဆိုပါတောင်သုံးလုံးကို ကျော်ဖြတ်တဲ့ မော်တော်ကားလမ်းအစား တောင်သုံးလုံးကိုဖြတ်ပြီးတော့ ဥမင်လိုဏ်ခေါင်းတစ်ခုဖောက်လုပ်ရန် လမ်းအူကြောင်းအသစ် တည်ဆောက်ခြင်းနှင့်ပတ်သက်တဲ့ ပဏာမလုပ်ငန်းဖြစ်နိုင်စွမ်း(Preliminary Feasibility Study)အနေဖြင့် လမ်းအူကြောင်းသုံးနေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လျာထား တိုင်းတာခဲ့ပါတယ်။ လမ်းအူကြောင်း(၁)တွင် စုစုပေါင်း ၆.၇၁ ကီလိုမီတာရှိပါတယ်။ ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၁၂ သန်းဖြစ်ပြီး ယာဉ်မောင်းကြာချိန် လေးမိနစ်ပဲကြာမှာဖြစ်ပါတယ်။ လမ်းအူကြောင်းအမှတ်(၂)ကတော့ စုစုပေါင်း ၈.၃၂ ကီလိုမီတာရှိပါတယ်။ ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၂၁ သန်းကုန်ကျ၍ ယာဉ်မောင်းကြာချိန် ရှစ်မိနစ်ကြာမှာဖြစ်ပါတယ်။ လမ်းအူကြောင်း(၃)ကတော့ စုစုပေါင်း ၈.၄၁ ကီလိုမီတာရှိပြီးတော့ ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၉၇ သန်းဖြစ်ပြီး ယာဉ်မောင်းကြာချိန် ရှစ်မိနစ်ခန့်ဖြစ်ပါတယ်။ လမ်းအူကြောင်းများအနက် ကုန်ကျစရိတ်အနည်းဆုံးနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်တဲ့ လမ်းအူကြောင်း(၃)ကို ရွေးချယ်ထားပြီးတော့ တောင်ကိုရီးယားနိုင်ငံအကူအညီ၊ ADB၊ ဂျပန်နိုင်ငံ အကူအညီများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တင်ပြတောင်းခံထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာချေးငွေအထောက်အပံ့များရရှိမည်ဆိုပါက ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အမြန်ဆုံးသွားလာနိုင်မယ့် ဥမင်လိုဏ်ခေါင်းအတွက် အချိန်အတိုဆုံးပြီးစီးအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ပေါင်းတည်မြို့နယ် မှတ်တိုင်-ပေါက်တော ကတ္တရာလမ်းမှာ သတ်မှတ်အာမခံနှစ်မပြည့်မီ အလွန်ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် မည်သည့်ဌာနမှ တာဝန်ယူပြုပြင်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမင်းအောင်(ပေါင်းတည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မဲဆန္ဒနယ်က ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပေါင်းတည် မှတ်တိုင်-ပေါက်တောလမ်းဟာ သတ်မှတ်အာမခံနှစ်မပြည့်မီ အလွန်ဆိုးရွားစွာပျက်ဆီးနေမှုကို မည်သည့်ဌာနမှ မည်သည့်အချိန်တွင် စတင်ပြုပြင်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ပေါင်တည် မှတ်တိုင်-ပေါက်တောလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ရန်ပုံငွေသိန်း ၇၆၀၀ ဖြင့် လမ်းအရှည်စုစုပေါင်း ၁၀ မိုင်အရှည်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ကတ္တရာခင်းခြင်းလုပ်ငန်းကို Area(51)ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ၂-၁-၂၀၁၅ တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။ စာချုပ်မှာ ငါးနှစ်အတွင်း ပျက်စီးယိုယွင်းမှု ရှိပါက Area(51)ကုမ္ပဏီမှ မိမိစရိတ်ဖြင့် ပြန်လည်ပြုပြင်ပေးရမည်ဟုပါရှိပါတယ်။ ယခု အခါမှာ အဲဒီကုမ္ပဏီဟာ ဖျက်သိမ်းလိုက်ပြီဟုသိရှိရပါတယ်။ ပေါင်းတည် မှတ်တိုင်-ပေါက်တောလမ်း မှာ ၂ မိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကခင်းခဲ့ပြီးတော့ မြို့နယ်စည်ပင်ပိုင် ၁ မိုင် ၆ ဖာလုံ အပါအဝင် ကျန်လမ်းအရှည်စုစုပေါင်း ၁၀ မိုင်ကို Area(51)ကုမ္ပဏီမှ ခင်းခဲ့ပါတယ်။ ယခု လမ်း နှစ်နှစ်အတွင်းမှာ အလွန်ဆိုးရွားစွာပျက်စီးနေပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဒါက ပေါင်းတည် မှတ်တမ်းလမ်းပျက်စီးနေပုံလေးဖြစ်ပါတယ်။ လမ်းတွေကအလွန်ဆိုးတဲ့အတွက် မြေနီတွေပါ လိုက်ဖို့ပြီးတော့ မောင်းနေရပါတယ်။ ကားတွေ ဖြတ်သွားရင် ဒီကျောက်ခဲတွေက ဘေးကိုစင်တဲ့အထိဖြစ်ပါတယ်။ တချို့လမ်းသွားလမ်းလာတွေမှန်တာ တွေလည်းရှိပါတယ်။ တချို့ ဒီချိုင့်ဘက်တွေမှာ ဆိုင်ကယ်တွေဟာ အောက်လမ်းကိုရှေ့မောင်းတဲ့ အတွက် လမ်းသွားလမ်းလာတွေနဲ့တိုက်တာတွေလည်း ဖြစ်နေပါတယ်။ ဒါဆိုရင် မြေနီတွေဝယ်ပြီး ကိုယ်ထူကိုယ်ထဖို့ထားရတာပါ။ ကတ္တရာလမ်းက မြေနီလမ်းလိုဖြစ်လာပါတယ်။ ဒီချိုင့်ဘက်တွေဆိုရင် အောက်ဗိုက်မလွတ်ပါဘူး။ အောက်ဗိုက်တိုက်ပါတယ်။ ချိုင့်ဘက်တွေဆိုရင် တချို့ကားတွေမှောက်တဲ့ အထိ၊ ဓာတ်တိုင်တွေကို တက်တိုက်တဲ့အထိကို ဆိုးပါတယ်။ ဒါကြောင့် ကျွန်တော် ဒီမေးခွန်းတင်စဉ် အချိန်တုန်းက ဒီပေါင်းတည် မှတ်တိုင်-ပေါက်တောလမ်းက စည်ပင်သာယာမှ ၁ မိုင် ၆ ဖာလုံက မြို့ဧရိယာထဲမှာပါသော်လည်းပဲ သူတို့ခင်းသောလမ်းမဟုတ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကလည်းပဲ Area(51)ကုမ္ပဏီက လုပ်ငန်းပြီးတဲ့အချိန်မှာ သတင်းပေးပို့မှုနှင့် လွှဲပြောင်းထားမှုမရှိကြောင်း ဒီဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းပဲ ၎င်းတို့တာဝန်ယူခင်းရမယ့် လမ်းမဟုတ်ကြောင်း ပြောကြားခဲ့ပါတယ်။ ယခုအခါမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကျေးလက်လမ်းများဖွံ့ဖြိုးရေးဦးစီးဌာနကနေ လွှဲပြောင်းလက်ခံရယူထားပြီလို့ သိရပါတယ်။ ဒါကြောင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းတည် မှတ်တိုင်-ပေါက်တောလမ်းဟာ မြို့မရပ်ကွက်လေးခု၊ ကျေးရွာပေါင်း ၂၀၊ အုပ်စု ၂၀၊ အိမ်ထောင်စု ပေါင်း ၂၀၀၀၀ ကျော်၊ လူဦးရေ ၆၀၀၀၀ ကျော် အမှတ်(၁၀) ခြေမြန်တပ်ရင်းတို့မှာ မှီခိုသွားလာနေတဲ့

လမ်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းကို မည်သည့်အချိန်မှာ ပြန်လည်ပြုပြင်ပေးမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်(ခ)ဦးမင်းမင်းမှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ် မှတ်တိုင်-ပေါက်တော ကတ္တရာလမ်းမှာ သတ်မှတ်အာမခံနှစ်မပြည့်မီ အလွန်ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် မည်သည့်ဌာနမှ တာဝန်ယူပြုပြင်ပေးမည်ကိုသိရှိရန်နှင့် မည်သည့်အချိန်ကာလတွင် စတင်ပြုပြင်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ် မှတ်တိုင်-ပေါက်တောလမ်း မိုင်တိုင်အမှတ် ၁ မိုင် ၆ ဖာလုံမှ ၁၂ မိုင်အထိ ၁၀ မိုင် ၂ ဖာလုံမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြန်မာ့ရွေသရဖူကုမ္ပဏီမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ကျန်ရှိနေတဲ့လမ်း ၈ မိုင် ၂ ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီးတော့ ယခုအခါမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ အဆိုပါလမ်းတစ်လမ်းလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မှတ်တိုင်-ပေါက်တောလမ်းသည် လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသော ရန်ကုန်-ပေါင်းတည် ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်သောလမ်းဖြစ်၍ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)ဦးစားပေးအဆင့်(၁)တွင် ပါဝင်သည့်လမ်းဖြစ်ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ရန်ပုံငွေများတင်ပြတောင်းခံသွားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီးတော့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအားခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှလုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံးအပြီးဆောင်ရွက်ရသည့် လုပ်ငန်းများကိုတင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကိုအမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ(Drawing)များနှင့် တွက်ချက်မှု(Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာတာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့်ကုမ္ပဏီများကိုထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်နန်းခမ်းအေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းတွေအနေနဲ့ တင်ဒါတွေခေါ်ယူဆောင်ရွက်တဲ့အချိန်မှာ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ပစ္စည်းများရဲ့ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်ရတဲ့ လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာမှာ ဒေသနှင့်ကိုက်ညီတဲ့ ပြီးပြည့်စုံတဲ့လုပ်ငန်းပုံစံများနှင့် တွက်ချက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်းများကို တင်ဒါဆွဲမယ့်ကုမ္ပဏီတွေကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်ဆိုတဲ့အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများရဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အစိုးရဌာနအဖွဲ့အစည်းများရဲ့ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာမှာ လိုက်နာရမယ့် တင်ဒါလုပ်ထုံးလုပ်နည်းကို နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် အသုံးပြုရန်လိုအပ်တဲ့ လုပ်ငန်းသုံးပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်တင်ဒါခေါ်တဲ့အခါမှာ တချို့ဌာနတွေဟာ ထုတ်ပြန်ထားတဲ့ညွှန်ကြားချက်တွေနဲ့ ကွဲလွဲစွာကျင့်သုံးနေ

သလို နိုင်ငံတော်နှင့်အများပြည်သူအတွက် အကျိုးမရှိတဲ့စည်းကမ်းချက်တွေကိုလည်း ထုတ်ပြန်ကျင့်သုံးနေပါတယ်။ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေအောက်မှာ ဌာနမှ ပါးပါးလေးကွဲလွဲစွာ ဆောင်ရွက်နေမှုဟာ နိုင်ငံတော်အတွက်များစွာ ထိခိုက်နေရကြောင်းကို ရရှိတဲ့အချိန်အနည်းငယ်အတွင်းမှာ အချက်အချို့ကို အဆိုအတွက် ထောက်ပံ့တင်ပြဆွေးနွေးချင်ပါတယ်။ ကွဲလွဲချက်(၁) ညွှန်ကြားချက်အမှတ်(၁/၂၀၁၇) အမှတ်စဉ်-(၁၀/ဂ)မှာ ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းထက် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မယ့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် တစ်လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာတွေမှာ အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာပြီးတော့ တင်ဒါခေါ်ယူရမယ်။ အလားတူ ဝန်ကြီးဌာန Website တွေမှာလည်းပဲ အနည်းဆုံးတစ်လကြိုတင် ကြေညာရမယ်လို့ပါရှိထားသော်လည်းပဲ Power Point မှာ ပြထားတဲ့အတိုင်း တင်ဒါခေါ်တဲ့နေ့နဲ့ တင်ဒါဖွင့်တဲ့နေ့ဟာ တစ်လမရှိတာကို တွေ့ရှိရမယ့်အပြင် ဆည်မြောင်းအတွက် လိုအပ်တဲ့ ကျောက်၊ သဲ၊ ဖြုန်း၊ အုတ်တွေကို တင်ဒါခေါ်ယူခြင်းမရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တင်ဒါပုံစံတွေဝယ်ယူတဲ့အချိန်မှာ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်အမှတ်(၂)မှာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်တဲ့သူဟာ တင်ဒါတစ်လျှောက် တင်ဒါလျှောက်လွှာတင်သွင်းတဲ့အချိန်မှာ လမ်းလုပ်ငန်းတစ်လျှောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သည်းခံပါရှင်။ လမ်းလုပ်ငန်းတည်ရှိရာ လမ်းတစ်လျှောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုပေးထားသော ကျောက်ထုတ်လုပ်ခွင့်လိုင်စင်အား တစ်ပါတည်းပူးတွဲတင်ပြနိုင်သူကိုသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမယ်ဆိုပြီး ပါရှိထားပါတယ်။ လမ်းလုပ်ငန်းတည်နေရာမသိသေးတဲ့အချိန် ဘယ်လမ်းအပိုင်းက ကျောက်ကောင်းပြီး ဘယ်ကျောက်တောင်ကို အသုံးပြုရမယ်မသိတဲ့အချိန်မှာ လိုင်စင်တင်ပြဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ တင်ဒါခေါ်တဲ့အချိန်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တရားဝင်လိုင်စင်ချပေးခွင့် မရှိသေးတဲ့ကာလ ဖြစ်ပါတယ်။ လုပ်ငန်းတည်နေရာကို ကြိုတင်ပြီး အရင်သိရှိထားသူကသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒီအချက်ဟာ တင်ဒါယှဉ်ပြိုင်မှုကို ကန့်သတ်ထားပြီး တရားမျှတမှုမရှိပါဘူး။ ပုံမှာပြထားတဲ့အတိုင်း ကျောက်တစ်ကျင်းရဲ့သယ်ယူပို့ဆောင်ခဈေးနှုန်းဖြစ်ပါတယ်။ ၁၁ မိုင်အတွက် ကျောက်တစ်ကျင်းရဲ့သယ်ယူပို့ဆောင်ခစရိတ်ဟာ ၅၁၁၅၀ ကျပ်ဖြစ်ပါတယ်။ ကားတစ်ခေါက်ကို ကျောက်နှစ်ကျင်းသယ်နိုင်တဲ့အတွက်ကြောင့် တစ်ခေါက်ရဲ့သယ်ယူပို့ဆောင်ခဟာ ၁၂၂၃၀၀ ကျပ်ဟာ ဌာနရဲ့သတ်မှတ်ထားတဲ့နှုန်းထားဖြစ်ပြီး တကယ့်ဒေသပေါက်ဈေးဟာ အဲဒီကျောက်တစ်ခေါက်ကို ၄၀၀၀၀ ကျပ်နဲ့သာ သယ်ယူနေပါတယ်။ တစ်ခေါက်အတွက် အပိုကုန်ကျငွေဟာ ၆၂၃၀၀ ကျပ်ဖြစ်ပါတယ်။ အခေါက်ပေါင်းမြောက်မြားစွာသော ကျောက်တွေအတွက် ကျွန်မတို့နိုင်ငံကနေ ဘယ်လောက်ဆုံးရှုံးတယ်ဆိုတာကို ခန့်မှန်းမိမှာလား။

သယ်ယူပို့ဆောင်ခကို တင်ဒါမခေါ်ဘဲနဲ့ ဌာနကသာ တစ်ဦးတည်းပိုင်ပြုလုပ်နေပြီး အဝေးဆုံးကျောက်ကို အထိုင်ပြုပြီးတော့ သယ်ယူစရိတ်ပိုယူကာ အနီးစပ်ဆုံးကျောက်ကိုသာ ထုတ်ယူသုံးစွဲနေပါတယ်။ ဒါဟာ တင်ဒါကို အစုအဖွဲ့ကနေပြီးတော့ လက်ဝါးကြီးအုပ်ထားခြင်းပဲ ဖြစ်ပါတယ်။ အိတ်ဖွင့်တင်ဒါစည်းကမ်းရဲ့အမှတ်စဉ်(၁၅)မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသရဲ့သဘောသဘာဝအရ

ကျောက်ကျင်းဈေးနှုန်းကို အထိုင်ဖြစ်တာ ဝယ်ယူမည်ဖြစ်ပါသည်ဆိုသည့်အချက်ကို ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ဝေးလံခေါင်ပါးတဲ့ကချင်ပြည်နယ်မှာ အရောက်ပို့ဈေးနှုန်းနဲ့တင်ဒါခေါ်နိုင်သလို ရှမ်းပြည်နယ် ရေအရင်းအမြစ်ဌာနကလည်း အရောက်ပို့တဲ့စနစ်ကို ကျင့်သုံးနေတဲ့အချိန်မှာ ရှမ်းပြည်နယ်ဦးစီးဌာနက အထိုင်စနစ်ကိုသာ ကျင့်သုံးနေပါတယ်။ ပစ္စည်းကိုပဲ တင်ဒါခေါ်ပြီး သယ်ယူခကို ပြိုင်ဆိုင်မှုမရှိတဲ့အတွက်ကြောင့် သယ်ယူပို့ဆောင်ခစရိတ်ကြီးမြင့်နေပါတယ်။ ဒါကြောင့် ကျောက်တွေကို အထိုင်စနစ်မကျင့်သုံးဘဲ အရောက်ပို့စနစ်နဲ့သာ တင်ဒါခေါ်ရမှာ ဖြစ်ပါတယ်။ လမ်းဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဒေသထွက်တဲ့ပစ္စည်းဈေးနှုန်းလုပ်အားခဟာ အမှန်တကယ် ပစ္စည်းရဲ့ဒေသပေါက်နေတဲ့ဈေးနှုန်းထက် ပိုမိုများပြားနေပါတယ်။ ဥပမာ လားရှိုးမြို့မှာ လမ်းဦးစီးမှ ပြုန်းတစ်ကျင်းကို ၂၉၀၀၀ ကျပ်နဲ့ သတ်မှတ်နေတဲ့အချိန်မှာ လားရှိုးမြို့ရှောင်လမ်းမှာရှိတဲ့ ဦးလီမြင့်ရဲ့ပြုန်းတောင်မှာ တစ်ကျင်းကို ၅၀၀၀ ကျပ်နှုန်းနဲ့ပဲ ရောင်းချနေပါတယ်။ ကျောက်အတွက် တင်ဒါအောင်မြင်တဲ့သူဟာ သစ်တောကြိုးဝိုင်းထဲမှာရှိတဲ့ကျောက်ကွင်းကို တစ်ကျင်းလျှင် ကျောက်တန်ဖိုးရဲ့ ၂၅ ရာခိုင်နှုန်းကို သစ်တောဝန်ကြီးဌာနကို ပေးဆောင်ရပြီး မြို့မြေထဲမှာရှိတဲ့ ကျောက်ကျင်းအရေအတွက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်နဲ့ တစ်ကျင်းလျှင် ၂၅၀၀ ကျပ်နှုန်းနဲ့ အခွန်ပေးသွင်းရပါမယ်။ ကျောက်အတွက် ပထမအရစ် တင်ဒါအောင်မြင်သူကိုသာ သက်သက်ခွဲ၍ ပေးသွင်းစေပြီး ဒုတိယအရစ် ကျောက်တင်ဒါပုံကို ပွင့်လင်းစွာ တင်ဒါခေါ်ယူမှုမျိုးနည်းပါးနေပါတယ်။ အဲဒါကြောင့် ဓာတ်သတ္တုခွန်ဟာ နိုင်ငံတော်အခွန်ထဲကို တကယ်မရောက်ဘဲနဲ့ ကိုယ်ပျောက်ဖြစ်နေပါတယ်။ တစ်နည်းအားဖြင့် လုပ်ငန်းနှင့်သက်ဆိုင်တဲ့ဌာနတွေရှိတဲ့ဝန်ထမ်းတွေကို အဂတိလိုက်စားမှုဖြစ်ပေါ်စေပါတယ်။ တင်ဒါအောင်မြင်သူတောင်မှ ဓာတ်သတ္တုခွန်ကို တစ်ခါတည်းဖြတ်ပြီး နိုင်ငံတော်ကို ငွေစာရင်းခေါင်းစဉ်ပြောင်းသွင်းစေခြင်းသည်သာ ဘဏ္ဍာငွေကို အမှန်အကန်ရရှိစေမှာ ဖြစ်ပါတယ်။ ဓာတ်သတ္တုခွန်ကိုလည်း ဈေးနှုန်းတစ်ပြေးညီသတ်မှတ်ပေးသင့်ပါတယ်။

မြေသားလမ်းဖောက်ခြင်းနှင့် မြေသားလမ်းချဲ့ခြင်း။ နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)မှာ ကျပ် ၁၀ သန်းအထက် လုပ်ငန်းတွေကို တင်ဒါခေါ်ယူမယ်ဆိုထားပါတယ်။ ဒါပေမဲ့ နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုတဲ့လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်တဲ့ ကျပ်သန်းပေါင်းများစွာသော မြေသာလမ်းချဲ့ခြင်း၊ ဖောက်လုပ်ခြင်းလုပ်ငန်းကို ဌာနက တင်ဒါမခေါ်ဘဲ ကန်ထရိုက်အရ တင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာနတွေဟာ တင်ဒါတကယ်ခေါ်ယူရမယ့်လုပ်ငန်းတွေကို ဈေးနှုန်းအနည်းငယ်သာခွာပြီး တင်ဒါမခေါ်မယ့်ဌာနမှ လုပ်ကိုင်မယ့်လုပ်ငန်းတွေကို ဈေးမတန်တဆတင်ကာ ဘတ်ဂျက်စိစစ်ရေးကို တင်ပြလာတာကို တွေ့ရပါတယ်။ ဝန်ကြီးရဲ့တင်ဒါကင်းလွတ်ခွင့်နဲ့ လုပ်ငန်းများ ဆောင်ရွက်မယ်ဆိုပါကလည်း နည်းပညာမြင့်မားတဲ့လုပ်ငန်းတွေကိုပဲ ဆောင်ရွက်စေသင့်ပါတယ်။ ဒါပေမဲ့ ဖြစ်သင့်တာကတော့ ဝန်ကြီးရဲ့ကင်းလွတ်ခွင့်ဆိုတဲ့လုပ်ငန်းလည်း မရှိသင့်ပါဘူး။ တင်ဒါပြီးတဲ့အချိန်မှာ Drawing နဲ့ Estimate တွေကုမ္ပဏီတွေကိုတင်ပြစေပြီးမှ အမှတ်ပေးခြင်းဟာ ယှဉ်ပြိုင်မှုကို ဘက်လိုက်မှုဖြစ်စေပါတယ်။ အဲဒါကြောင့် ဒေသနဲ့ကိုက်ညီတဲ့လုပ်ငန်းပုံစံတွေ၊ တွက်ချက်မှုနှင့် ပစ္စည်းအမျိုးအစားကို ဌာနမှသာ သတ်မှတ်ဆောင်ရွက်ပေးပြီး ဈေးနှုန်းကို တင်ဒါဆွဲမယ့်ကုမ္ပဏီတွေကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့်

မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးဖို့လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတကာချေးငွေနဲ့ နိုင်ငံတော်ကို တည်ဆောက်နေရတဲ့အချိန်မှာ ဝန်ထမ်းများမှ တင်ဒါရွေးချယ်မှုကို မလျော်ဩဇာသုံးပြီး နည်းမျိုးစုံဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းမရှိစေရန် ဤအဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခင်စော(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စော ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းများနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံးအပြီးဆောင်ရွက်ရသည့်လုပ်ငန်းကို တင်ဒါ မခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံတဲ့လုပ်ငန်းပုံစံ(Drawing)များနှင့် တွက်ချက်မှု (Estimate) များကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate) များကို တင်ဒါဆွဲမည့်ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတသောယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန် အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများရဲ့ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့်အချက်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ကြတဲ့ အခါမှာ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနဲ့ ရောင်းချခြင်းများဆောင်ရွက်စဉ် လိုက်နာရမယ့် တင်ဒါလုပ်ငန်းလုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ရက်စွဲနဲ့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ တင်ဒါလမ်းညွှန်မှာဖော်ပြထားချက်အရ ဝင်ရောက်ယှဉ်ပြိုင်မယ့်သူဟာ တင်ဒါမဝင်ခင်ကတည်းက ဆောက်လုပ်မယ့်မြေနေရာကို လက်တွေ့ကွင်းဆင်းကာ သွားရောက်စစ်ဆေးခြင်းပြုလုပ်ရပါမယ်။ ဒါမှသာ မြေနေရာအတွင်း လျှာထားချက်တို့ကို သိရှိသဘောပေါက်နားလည်မှာဖြစ်ပြီး မြေနေရာရဲ့အနေအထား၊ မြေတိုင်းတာခြင်း၊ မြေညှိရန်လိုအပ်ခြင်းရှိ/မရှိ အတည်ပြုစစ်ဆေးရန် Infrastructure အခြေအနေ၊ လျှပ်စစ်၊ ရေအရင်းအမြစ်အနေအထားပြည့်စုံမှုရှိ/မရှိ၊ သွားလာနိုင်တဲ့လမ်းအနေအထား၊ ဒေသလုံခြုံစိတ်ချမှုရှိ/မရှိ စတာတွေကို သေသေချာချာသဘောပေါက်နားလည်ပြီးမှသာ တင်ဒါကို ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ညွှန်ကြားချက်များကို မလိုက်နာကြဘဲ တင်ဒါအောင်မြင်ပြီးတဲ့အခါမှသာ မြေပြင်ကွင်းဆင်းတိုင်းတာမှု စတင်ဆောင်ရွက်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတွေလည်း ရှိနေတဲ့အခါ ညွှန်ကြားချက်နဲ့ကွဲလွဲနေတာကို တွေ့နေရပါတယ်။ တင်ဒါခေါ်ယူရာမှာ ဥပမာ - 12 ကျောက်တစ်ကျင်းကို အမြင့်ဆုံးဈေး ၆၀၀၀၀ ကျပ်၊ အနိမ့်ဆုံးဈေး ၅၆၁၀၀ ကျပ်နဲ့ သတ်မှတ်ထားတယ်ဆိုပါစို့။ ဌာနနဲ့

နီးစပ်သူတွေကသာ ၅၆၁၀၀ ကျပ်တိတိထည့်နိုင်မှာဖြစ်ပါတယ်။ ပြင်ပလုပ်ငန်းရှင်များက ရနိုင်မှာမဟုတ်ပါ။ အဲဒါကြောင့် အနိမ့်ဆုံးကြမ်းခင်းဈေးကို အနိုင်ပေးသင့်ပြီး ပြည်သူများရဲ့အမြင်မှာ သံသယကင်းရှင်းစေဖို့ ပွင့်လင်းမြင်သာမှုရှိဖို့ လိုအပ်ပါတယ်။

အဆိုရှင်တင်ပြသွားတဲ့အတိုင်း လုပ်ငန်းနှင့်သက်ဆိုင်တဲ့ပစ္စည်းများသာ သယ်ယူပို့ဆောင်စရိတ်တွေကို တစ်ဦးတည်းပိုင်ပြုလုပ်ခြင်း၊ လိုအပ်တဲ့ကျောက်များကို အထိုင်စနစ်ဖြင့်သာ ဝယ်ယူခြင်း၊ မြေသားလမ်းများ ဖောက်လုပ်ခြင်း စတာတွေကို တင်ဒါမခေါ်ဘဲ ဌာနမှ လုပ်ကိုင်ဆောင်ရွက်နေတာဟာလည်း လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲနေပြီး နိုင်ငံတော်အတွက် ခာတ်သတ္တုခွန်၊ ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဆုံးရှုံးနစ်နာစေပါတယ်။ လေလွင့်ဆုံးရှုံးနေတဲ့ ငွေငွေတွေကို လုပ်ငန်းများပိုမိုဖော်ဆောင်ပေးနိုင်ရန်၊ အခွန်ဘဏ္ဍာပိုမိုတိုးတက်ရရှိရန် ယခု လက်ရှိဘဏ္ဍာရေးနှစ်မှာ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ဖို့ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်အတွက် လုပ်ငန်းများကို စတင်ကျင့်သုံး ဖို့လိုအပ်နေပါတယ်။ တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များကို ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ခွင့်ရတဲ့ကုမ္ပဏီများက လိုက်နာရသလို ဌာနဆိုင်ရာဖက်ကလည်း ပိုမိုလိုက်နာကြဖို့ လိုအပ်နေပါတယ်။ တင်ဒါနဲ့သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သက်ရောက်လွှမ်းခြုံမှုရှိတဲ့ ညွှန်ကြားချက်မျိုးရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဌာနအကျိုးကိုသာရှေးရှုနေတဲ့ စည်းမျဉ်းစည်းကမ်းချက်များကိုလည်း ဖျက်သိမ်းသင့်ပါတယ်။ Estimate Drawing များနဲ့ ပစ္စည်းအမျိုးအစားစံနှုန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနကသာ တွက်ချက်တာဝန်ယူဆောင်ရွက်စေပြီး ဈေးနှုန်းများကို တင်ဒါဆွဲမယ့်ကုမ္ပဏီများက ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတတဲ့ယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်လိုအပ်ပါတယ်။ ပစ္စည်းအမျိုးအစား စံနှုန်းသတ်မှတ်ထားခြင်းမရှိတဲ့အတွက် ဘတ်ဂျက်စိစစ်ရာတွင်သော်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း အခက်အခဲများစွာနဲ့ ပြဿနာများစွာ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် တင်ဒါခေါ်ယူရာမှာ ကျောက်ဈေးနှုန်းကို အနည်းဆုံးဈေးနှုန်းဖြင့် ရွေးချယ်ပေးရန် ပစ္စည်းကို အထိုင်မဟုတ်တဲ့ အရောက်ပို့စနစ်ဖြစ်စေရန် Estimate အတိုင်း ခာတ်သတ္တုခွန်ကောက်ခံရန် တင်ဒါကုမ္ပဏီများကို ရွေးချယ်တဲ့အခါ တင်ဒါလျှောက်လွှာများကို ညအိပ်မထည့်ခိုင်းဘဲ ဖွင့်မယ့်နေ့ကျမှသာ ထည့်ခိုင်းစေခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိရှိ တင်ဒါဖွင့်ဖောက်သွားရန် စတာတွေကို ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ အစိုးရဌာနများအနေနဲ့ တင်ဒါခေါ်ယူရာတွင် လိုက်နာကျင့်သုံးရမယ့် ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ဖော်ဆောင်နေတဲ့အစိုးရတစ်ရပ်ဖြစ်ရန် ယခုအဆိုကို အလေးအနက်ထောက်ခံရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်နန်းခမ်းအေးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်နန်းခမ်းအေး နမ့်မွတူမဲဆန္ဒနယ်ကတင်သွင်းသော ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်ရသည့်လုပ်ငန်းများကို တင်ဒါမခေါ်မီ ကန်ထရိုက်ရ တင်ဒါ အောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက် များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ(Drawing)များနှင့် တွက်ချက်မှု(Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ရန်အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါ်နန်းခမ်းအေး၊ နမ့်မွတူမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၀-၁-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်း ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ (၂၂-၁၁-၂၀၁၇ ရက်နေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍၂၄-၁၁-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်း တင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်း တစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက

သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၉၄ ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းပြုလုပ်သွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂-၆-၂၀၁၇ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၆-၇-၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်သည့် ၂၂-၁၁-၂၀၁၇ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၄-၁၁-၂၀၁၇ ရက်(သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါသည်-

(က) ဦးတင်ထွေး ဝေါမဲဆန္ဒနယ်

(ခ) ဦးဝင်းဝင်း မင်းဘူးမဲဆန္ဒနယ်

(ဂ) ဦးတင်ကိုကိုဦး ဘီးလင်းမဲဆန္ဒနယ်

(ဃ) ဦးမျိုးဇော်ဦး လယ်ဝေးမဲဆန္ဒနယ်

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး

ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၆-၁-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အချက်(၉၄) ချက်ကို အမျိုးသားလွှတ်တော်၏အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ အတည်ပြုချက် (၉၄)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၄ | ၂၊ ၃၊ ၄၊ ၅၊ ၈ | အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(စ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဌ) (ဍ) (ပ)နှင့် (ဏ) |
| (ခ) | ၅ | ၉ မှ ၁၄ | အခန်း(၂) ခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ |
| (ဂ) | ၆ မှ ၇ | ၁၅ မှ ၁၆၊ ၁၈ မှ ၂၂ | အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ |
| (ဃ) | ၇ မှ ၁၂ | ၂၃၊ ၂၄၊ ၂၅၊ ၂၇၊ ၂၈၊ ၃၁၊ ၃၂၊ ၃၃ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(က)(ခ) (ဂ) (ဃ) (င) (စ) နှင့် (ဆ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) (င)နှင့် (စ)၊ အပိုဒ်ခွဲ(ဇ) (ဈ) နှင့် (ည)၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈ အပိုဒ် (ဂ)နှင့် (ဃ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ |
| (င) | ၁၃ မှ ၁၇ | ၃၄၊ ၃၆၊ ၃၈၊ ၃၉၊ ၄၀၊ ၄၂၊ ၄၄၊ ၄၅ | အခန်း(၅) ခေါင်းစဉ်၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ အပိုဒ် ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ |
| (စ) | ၁၇ မှ ၂၁ | ၄၆၊ ၄၉၊ ၅၂၊ ၅၅၊ ၅၇၊ ၅၉၊ ၆၀ | အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)နှင့် (င)၊ အပိုဒ် ၃၃ အပိုဒ် ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(က) |

| | | | |
|---|---|---|---|
| | | | (ခ)နှင့် (ဂ) |
| (ဆ) | ၂၁ မှ ၂၂ | ၆၂၊ ၆၃၊ ၆၄ | အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ အပိုဒ် ခွဲ(က) |
| (ဇ) | ၂၃ မှ ၂၅ | ၆၆၊ ၆၇၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂ | အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ |
| (ဈ) | ၂၅ မှ ၂၆ | ၇၃၊ ၇၇၊ ၇၈ | အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၄၅ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ် ၄၆ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ည) | ၂၇ မှ ၂၈ | ၇၉ မှ ၈၂ | အခန်း (၁၀) ခေါင်းစဉ်၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉ |
| (ဋ) | ၂၈ မှ ၃၃ | ၈၃၊ ၈၅၊ ၈၈၊ ၉၁၊ ၉၃၊ ၉၅၊ ၉၆၊ ၉၈၊ ၉၉၊ ၁၀၀ | အခန်း(၁၁) ခေါင်းစဉ်၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ် ၅၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂) (၃)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၅၄ အပိုဒ်ခွဲ(က) (ခ) (ဂ)နှင့် (ဃ)၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ |
| (ဌ) | ၃၃ မှ ၃၇ | ၁၀၁၊ ၁၀၃၊ ၁၀၅၊ ၁၀၇၊ ၁၁၀ | အခန်း(၁၂) ခေါင်းစဉ်၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၆၂၊ အပိုဒ် ၆၅ |
| (ဍ) | ၃၈ မှ ၃၉ | ၁၁၃၊ ၁၁၄၊ ၁၁၅ | အခန်း(၁၃) ခေါင်းစဉ်၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉ |
| (ဎ) | ၃၉ မှ ၄၀ | ၁၁၆၊ ၁၁၈၊ ၁၂၀၊ ၁၂၁ | အခန်း(၁၄) ခေါင်းစဉ်၊ အပိုဒ် ၇၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ် ၇၁ |
| (ဏ) | ၄၀ မှ ၄၁ | ၁၂၂ မှ ၁၂၄ | အခန်း(၁၅) ခေါင်းစဉ်၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃ |
| (တ) | ၄၂ | ၁၂၅ မှ ၁၂၇၊ ၁၂၉ | အခန်း(၁၆) ခေါင်းစဉ်၊ အပိုဒ် ၇၄၊ |

မူကြမ်း

| | | | |
|---|---|---|---|
| | | | အဆိုပြုပြဋ္ဌာန်း အပိုဒ် ၇၅ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၇၆ |
| (ထ) | ၄၂ မှ ၄၆ | ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၅၊ ၁၃၇၊ ၁၃၉၊ ၁၄၁၊ ၁၄၂ | အခန်း(၁၇)ခေါင်းစဉ်၊ အပိုဒ် ၇၇၊ အပိုဒ် ၇၈၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၈၄ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူသည့် အမျိုးသားလွှတ်တော်၏အတည်ပြုချက်(၉၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၉၄)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီကသဘောတူထားတဲ့ (၉၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စာချုပ်စာတမ်းများမှတ်ပုံတင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၉၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက်(၄၉)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန် တင်ပြချက် (၄၉)ချက်ရှိပြီးတော့ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၄၉)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၂ မှ ၃ | ၆၊ ၇ | အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င) |
| (ဂ) | ၆ | ၁၇ | အပိုဒ် ၁၀ |
| (ဃ) | ၁၀ မှ ၁၁ | ၂၆၊ ၂၉၊ ၃၀ | အပိုဒ် ၁၇ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ခ) |
| (င) | ၁၃ မှ ၁၆ | ၃၅၊ ၃၇၊ ၄၁၊ ၄၃ | အပိုဒ် ၂၁၊ အပိုဒ် ၂၃၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၇ |
| (စ) | ၁၇ မှ ၂၁ | ၄၇၊ ၄၈၊ ၅၀၊ ၅၁၊ ၅၃၊ ၅၄၊ ၅၆၊ ၅၈၊ ၆၁ | အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)ခြေဆင်း၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(ဃ) |
| (ဆ) | ၂၂ မှ ၂၃၊ ၂၆ | ၆၅၊ ၆၈၊ ၇၄၊ ၇၅၊ ၇၆ | အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ ခြေဆင်း |
| (ဇ) | ၂၈ မှ ၃၃ | ၈၄၊ ၈၆၊ ၈၇၊ ၈၉၊ ၉၀၊ ၉၂၊ ၉၄၊ ၉၇ | အပိုဒ် ၅၀ ခြေဆင်း၊ အပိုဒ် ၅၁ ခြေဆင်း၊ အပိုဒ် ၅၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃ ခြေဆင်း၊ အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၅၆ အပိုဒ်ခွဲ(က) |
| (ဈ) | ၃၃ မှ ၃၈ | ၁၀၂၊ ၁၀၄၊ ၁၀၆၊ ၁၀၈၊ ၁၀၉၊ ၁၁၁၊ ၁၁၂ | အပိုဒ် ၅၉ ခြေဆင်း၊ အပိုဒ် ၆၀ ခြေဆင်း၊ အပိုဒ် ၆၁၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၆ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၆၇ |
| (ည) | ၃၉ မှ ၄၆ | ၁၁၇၊ ၁၁၉၊ ၁၂၈၊ ၁၃၃၊ ၁၃၄၊ ၁၃၆၊ ၁၃၈၊ ၁၄၀၊ ၁၄၃ | အပိုဒ် ၇၀ ခြေဆင်း၊ အပိုဒ် ၇၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၅၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၂၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၇ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၄၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ယနေ့အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသောစာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက ဆွေးနွေးဆောင်ရွက်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ တင်သွင်းခဲ့တဲ့ အဆိုပါ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်(၄၉) ချက်အပေါ် သဘောတူအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီကပြင်ဆင်ထားတဲ့အတိုင်း ပြင်ဆင်ချက်(၄၉)ချက် အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စာချုပ်၊ စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် ၄၉ ချက်သည် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း မပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို လည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရုပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့်

# နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကိုရုပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၂၀ နာရီ အချိန်တွင်ရုပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၂၉.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Kyaw Linn | Dr.Min Thein

pyithu.hluttaw.mm



U Kyaw Linn | U Pe Than

pyithu.hluttaw.mm



U Kyaw Linn | U Tun Tun

pyithu.hluttaw.mm



U Kyaw Linn | Daw Khin Than Nu

pyithu.hluttaw.mm



U Kyaw Linn | U Myint Lwin

pyithu.hluttaw.mm



U Kyaw Linn | U Khin Maung Thi

pyithu.hluttaw.mm



U Kyaw Linn



U Aye Min Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်